# မူဝါဒပေါ်လစီ JJIC - အရည်အချင်းပြည့်မီမှု/ ပါဝင်တက်ရောက်မှုအတွက် အနည်းဆုံးသောစံနှုန်းသတ်မှတ်ချက်များ

အရည်အချင်းပြည့်မီမှု

အကယ်၍ကျောင်းသားတစ်ဦးသည် အဖွဲ့ချုပ်၏ အောက်ဖော်ပြပါအရည်အချင်းပြည့်မီမှုစံသတ်မှတ်ချက်များဖြင့်ကိုက်ညီပါကအားကစား သို့မဟုတ် ဖျော်ဖြေအားပေးအဖွဲ့များအတွက် ကြိုးပမ်းကောင်း ကြိုးပမ်းကြည့်နိုင်ပေသည်-

1. အားကစားသမားများအားလုံးသည် Colorado အထက်တန်းကျောင်းလှုပ်ရှားဆောင်ရွက်မှုအဖွဲ့အစည်း (CHSAA) အရည်အချင်းပြည့်မီမှု လိုအပ်ချက်များဖြင့် ကိုက်ညီရပေမည်။

2. အားလုံးသောကျောင်းသားများသည် CHSAAအရည်အချင်းပြည့်မီမှုလိုအပ်ချက်များအားလိုက်နာရန်အပတ်စဉ်ထောက်ခံအသိအမှတ်ပြု ရရှိရပေမည်။

3. အားလုံးသောကျောင်းသားများသည်ကွန်ပျူတာသွင်းထားသည့်အရည်အချင်းပြည့်မီမှု စာရင်းများပေါ်တွင်ကျန်ရှိနေရမည်ဖြစ်ပြီး၊ သို့မှသာ အမှတ်ပေးကာလများတွင် ဂရိတ်များအား စောင့်ကြည့်စစ်ဆေးနိုင်ပေမည်။

4. အခက်ခဲရှိသည့် ကျောင်းသားများအားပံ့ပိုးကူညီနိုင်ရန်အတွက် အားလုံးသောပံ့ပိုးမှုစနစ်များအားရရှိနေရပေမည်။

5. အားလုံးသောကိုးတန်း ကျောင်းသားများသည် CHSAA လိုအပ်ချက်များနှင့်ကိုက်ညီခြင်းအားဖြင့် ဆောင်းဦးနှင့် ဆောင်းရာသီပွဲစဉ်များအတွက်အရည်အချင်းပြည့်မီပေမည်။ နွေဦးရာသီကာလမှ စတင်ပြီးကျောင်းသားများအနေဖြင့် အရည်အချင်းပြည့်မီရန်အတွက် ခရိုင်ဒေသဆိုင်ရာလိုအပ်ချက် 2.0 စံသတ်မှတ်ချက်များအပြင် CHSAA စံသတ်မှတ်ချက်များဖြင့်လည်း အပိုဆောင်းကိုက်ညီရန်လိုအပ်ပေလိမ့်မည်။

6. ဂရိတ်တန်း 10th မှ 12th တောက်လျှောက် ကျောင်းသား အားကစားသမားများသည်အောက်ပါအတိုင်းအရည်အချင်းပြည့်မီပေလိမ့်မည်-

a. ပြီးခဲ့သည့်ဒုတိယစာသင်နှစ်ဝက်အဆုံးတွင်ပျမ်းမျှဂရိတ်မှတ် (GPA) 2.0 ရရှိထားသောကျောင်းသားများသည်အပတ်စဉ်အရည်အချင်းပြည့်မီမှုလိုအပ်ချက်များဖြင့်ကိုက်ညီရန်ပျက်ကွက်ခဲ့သောအခြေအနေမှလွဲပြီးလာမည့် ဆောင်းဦးနှင့်ဆောင်းရာသီအတွက်အရည်အချင်းပြည့်မီပေလိမ့်မည်။

b. ပြီးခဲ့သည့်ဒုတိယစာသင်နှစ်ဝက်အဆုံးတွင် GPA အမှတ် 2.0 ရရှိထားခြင်းမရှိသောကျောင်းသားများသည် CHSAA စည်းမျဉ်းအရမဖြစ်မနေပြန်လည် ထောက်ခံအသိအမှတ်ပြုသည့်နေ့စွဲအထိလာမည့် ဆောင်းဦးရာသီပွဲစဉ်အတွက်အရည်အချင်းပြည့်မီလိမ့်မည်ဖြစ်သော်လည်းထိုနေ့စွဲတွင်မူ ထောက်ခံအသိအမှတ်ပြုထားသည့် GPA အမှတ် 2.0 ရရှိထားရန်လိုအပ်ပေလိမ့်မည်။ ပထမအကြိမ် အမှတ်ပေးသည့်ကာလအဆုံးတွင်ထောက်ခံအသိအမှတ်ပြုမှုမရရှိပါကထိုကျောင်းသားသည် ကျန်ရှိသည့်ဆောင်းဦးရာသီပွဲစဉ်တစ်ခုလုံးအတွက်အရည်အချင်းပြည့်မီတော့မည်မဟုတ်ပေ။ တင်းနစ်နှင့် ဂေါက်ကစားသမားများမှာမူကျောင်း၏စတုတ္ထပတ်အဆုံးတွင် ထောက်ခံအသိအမှတ်ပြုထားသည့် GPA အမှတ် 2.0 ရရှိထား ရန်လိုအပ်ပေလိမ့်မည်။ အကယ်၍ထောက်ခံအသိအမှတ်ပြုမှုမရရှိပါကကျန်ရှိသည့်ရာသီတစ်လျှောက်အတွက်အရည်အချင်းပြည့်မီတော့ မည်မဟုတ်ပေ။

c. ပြီးခဲ့သည့်ဒုတိယစာသင်နှစ်ဝက်အဆုံးတွင် GPA အမှတ် 2.0 ရရှိထားခြင်းမရှိသောကျောင်းသားများသည်လက်ရှိပထမစာသင်နှစ်ဝက်အဆုံးအထိဆောင်းရာသီပွဲစဉ်အတွက် အရည်အချင်းပြည့်မီမည်ဖြစ်သော်လည်း ထိုနေ့စွဲတွင်မူ ထောက်ခံ အသိအမှတ်ပြုထားသည့် GPA အမှတ် 2.0 ရရှိထားရန်လိုအပ်ပေလိမ့်မည်။ ပထမ စာသင်နှစ်ဝက်အဆုံးတွင် ထောက်ခံအသိအမှတ်ပြုမှု မရရှိပါက၎င်းတို့သည်ကျန်ရှိသော ဆောင်းရာသီတစ်လျှောက်အရည်အချင်းပြည့်မီတော့မည်မဟုတ်ပေ။

d. ပထမစာသင်နှစ်ဝက်အဆုံးတွင် GPA အမှတ် 2.0 ရရှိထားသောကျောင်းသားများသည် ၎င်းတို့မှအပတ်စဉ်အရည်အချင်းပြည့်မီမှုလိုအပ်ချက်များဖြင့်ကိုက်ညီရန်ပျက်ကွက်ခဲ့သောအခြေအနေမှလွဲ၍ နွေဦးရာသီတစ်ခုလုံးအတွက်အရည်အချင်းပြည့်မီပေလိမ့်မည်။

e. ပထမစာသင်နှစ်ဝက်အဆုံးတွင် GPA အမှတ် 2.0 ရရှိထားခြင်းမရှိသောကျောင်းသားများသည် CHSAA စည်းမျဉ်းအရမဖြစ်မနေပြန်လည်ထောက်ခံအသိအမှတ်ပြုသည့်နေ့စွဲအထိအရည်အချင်းပြည့်မှီလိမ့်မည်ဖြစ်သော်လည်းထိုနေ့စွဲတွင်မူထောက်ခံအသိအမှတ် ပြုထားသည့် GPA အမှတ် 2.0 ရရှိထားရန်လိုအပ်ပေလိမ့်မည်။ တတိယအကြိမ်အမှတ်ပေးသည့်ကာလအဆုံးတွင် ထောက်ခံအသိအမှတ်ပြုမှုမရရှိပါကကျောင်းသားတစ်ဦးသည် ကျန်ရှိသည့်နွေဦးရာသီပွဲစဉ်တစ်ခုလုံးအတွက်အရည်အချင်းပြည့်မှီတော့မည်မဟုတ်ပေ။

7. ဖျော်ဖြေအားပေးအဖွဲ့များအတွက်အရည်အချင်းပြည့်မှီမှု လိုအပ်ချက်များသည်အောက်ပါအတိုင်းဖြစ်ပေသည်-

a. လျှောက်ထားသူများသည် ပထမစာသင်နှစ်ဝက်အဆုံးတွင် GPA အမှတ် 2.0 ရရှိထားရပေမည်။

b. လျှောက်ထားသူများသည်စမ်းသပ်စစ်ဆေးမှုမတိုင်မီစာသင်နှစ်ဝက်တွင်စာသင်ခန်း ငါးခန်း (၂၅ နာရီ) တွင် စာရင်းသွင်းထားပြီးသားဖြစ်ရမည်ဖြစ်ပြီး၊ စမ်းသပ်စစ်ဆေးမှုပြုသည့် အချိန်တွင်စာသင်ခန်း ငါးခန်း (၂၅ နာရီ) တွင်စာရင်းသွင်းထားကာ စာသင်ခန်းတစ်ခန်း (ငါး နာရီ) ထက်ပိုပြီးပျက်ကွက်ကျရှုံးခြင်းမရှိရပေ။

c. ဖျော်ဖြေအားပေးသူအဖွဲ့ဝင်များသည်အားကစားသမားများ ကဲ့သို့ပင်တူညီသောအရည်အချင်းပြည့်မှီမှုလိုအပ်ချက်များဖြင့်ကိုက်ညီရမည်ဖြစ်ပြီးတူညီသော အပြုအမူအတိုင်း ထောက်ခံအသိအမှတ်ပြုခံရပေမည်။

ကျောင်းသားပံ့ပိုးမှုစနစ်

1. ဖွဲ့စည်းထားသည့်ပံ့ပိုးမှု လုပ်ငန်းစဉ်များအားအထက်တန်းကျောင်းတစ်ကျောင်းစီတွင်အကောင်အထည်ဖော် ဆောင်ရွက်ရပေမည်။ ရွေးချယ်မှုများတွင်လိုအပ်သည့် လေ့လာသင်ယူမှုခန်းမ၊ အရည်အချင်းပြည့်မှီမှု အထူးကျွမ်းကျင်ပညာရှင်၊ ကျူတိုရီရယ် ပံ့ပိုးကူညီမှု၊ တိုင်ပင်ဆွေးနွေးသည့် ဝန်ဆောင်မှုများ၊ အားကစားစီမီနာဆွေးနွေးမှုများ နှင့် နွေရာသီကျောင်းတက်ရောက်မှုတို့ပါဝင်ပေမည်။

2. အန္တရာယ်အခြေအနေတွင်ရှိနေသည့် ကျောင်းသား အားကစားသမားများ အားလုံး၏ မည်သူမည်ဝါဖြစ်ကြောင်းထုတ်ဖော်ချက်အားအပတ်စဉ် အရည်အချင်းပြည့်မှီမှုအစီရင်ခံစာများအားဖြင့် ဆုံးဖြတ်သွားပေမည်။

3. ရာသီပွဲစဉ်ပြီးနောက် ပံ့ပိုးကူညီမှုအား ထိန်းသိမ်းသွားပေမည်။

4. ကာလအချိန်ပိုင်းအလိုက်အကဲဖြတ်စစ်ဆေးမှုများအား ကျောင်းတစ်ကျောင်းစီရှိပံ့ပိုးမှုစနစ်ဖြင့်ပြုလုပ်သွားပေမည်။

မေလ၊ ၁၉၈၄ တွင် မွေးစားကျင့်သုံးသည်
ကျင့်သုံးမှုဖြင့် ကိုက်ညီစေရန် ပြန်လည်စစ်ဆေးမှု - လက်ကိုင်မွေးစားမှု နေ့စွဲ
ပြန်လည်စစ်ဆေးမှု - ဩဂုတ်လ ၂၁ ရက်၊ ၂၀၀၈

ဥပဒေပိုင်းဆိုင်ရာကိုးကားချက်- C.R.S. 22-32-116.5
C.R.S. 22-33-104.5 (6)

မှီငြမ်းကိုးကားချက်- IHBG, နေအိမ် ကျောင်းပညာသင်ကြားခြင်း